# ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး

# နဝမနေ့ အစီအစဉ်

# [ ၁၄–၁၀–၂၀၁၃] (တနင်္လာနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး နဝမနေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဒေါ်ခင်စောဝေ၊ ရသေ့တောင် မဲဆန္ဒနယ်၏ **ဝန်ထမ်းများ အသစ်ခန့်ထားသည့်အခါဖြစ်စေ၊ ပြောင်းရွှေ့တာဝန်ချထားသည့် အခါဖြစ်စေ ဝန်ထမ်းများ၏ ဆန္ဒကို ရယူကာ စီစဉ်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ခ) ဦးကြည်သာ၊ ဂွ မဲဆန္ဒနယ်၏ **လျှပ်စစ်နှင့် အီလက်ထရောနစ် ပစ္စည်းကိရိယာများ Electrical and Electronic Equipment (E.E.E) စံချိန်စံညွှန်းများနှင့် ပတ်သက်ပြီး သဘောတူညီချက်အပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေအား သိရှိလိုသည်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဂ) ဦးစတီဖန်၊ ကျိုင်းတုံ မဲဆန္ဒနယ်၏ **ကျိုင်းတုံ–မိုင်းခတ်အကြားကားလမ်းဘေးတစ်လျှောက်တွင် နေထိုင်ကြသော ၂၄ မိုင်ရွာ၊ ၂၆ မိုင်ရွာ၊ ၂၇ မိုင်ရွာ၊ ၂၈ မိုင်ရွာနှင့် ဟွေဟုတ်ရွာ၊ ဟွေဖားရွာ၊ နမ့်ကာရွာ၊ ဝမ်ထန်လုရွာတို့ရှိ ရွာသူ၊ ရွာသားများကို နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ပေးနိုင်ခြင်းရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဃ) ဦးကိုကြီး၊ အောင်မြေသာစံ မဲဆန္ဒနယ်(ကိုယ်စား) ဦးသိန်းထွန်းဦး အမရပူရ မဲဆန္ဒနယ်၏ **အသေးစားစီးပွားရေး လုပ်ငန်းများ တိုးတက်ရေးနှင့် ပြန်လည်ရှင်သန်ရေးအတွက် မည်သို့ စီမံချက်များ ရှိသည်ကို သိလိုသည်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(င) (၇-၁၀-၂၀၁၃)ရက်၊ တနင်္လာနေ့ အစီအစဉ်တွင် မေးမြန်းခဲ့သော ဦးအေးမောက်၊ မလှိုင် မဲဆန္ဒနယ်၏ **အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများအတွက် ချေးငွေရယူခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်းအား ထပ်မံဖြေကြားခြင်း။

(စ) ဦးတင်လှိုင်၊ ကလေး မဲဆန္ဒနယ်၏ **ကံသာယာကျေးရွာတွင် စိမ့်စမ်းရေသွယ် ဆောင်ရွက်ပေးရန်၊ နန်းဗဟိုရ်ကျေးရွာအား လက်နှိပ်တုံကင်(၃)တွင်း ဖြည့်ဆည်းဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဆ) ဦးစိုးအောင်၊ သဲကုန်း မဲဆန္ဒနယ်၏ **ရွာသာယာကြီးအုပ်စု၊ တောင်ယာ အလယ်ပိုင်းတွင် တွင်းတိမ်(၁)တွင်းနှင့် ရွှေတဲသဲကုန်း ကျေးရွာတွင် တွင်းနက်(သို့)တွင်းတိမ်(၁)တွင်း တူးဖော်ပေးရန် အစီအစဉ် ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ် ဆောင်ရွက်ရေးကော်မတီက တင်သွင်းသော **"၂၀၁၃ခုနှစ်၊စာချုပ်စာတမ်းမှတ်ပုံတင် လျှောက်ထားမှုဆိုင်ရာ ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက် အဆို တင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေး၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၇။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေး နဝမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဒသမနေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။